Highlights from DVB Debate's Labor Rights Enforcement Show

April 29, 2017

"How to enforce labor rights?"

"အလုပ်သမားပြဿနာတွေ မရှိဘူးဆိုတဲ့ အခြေအနေမျိုးကတော့ ရှိမှာ မဟုတ်ဘူးလေ။ ပြဿနာကြီးတာနဲ့ သေးတာပဲ ကွာမယ်။ လုံးဝ ပပျောက်သွားတာတော့ ရှိမှာ မဟုတ်ပါဘူး။ ကျနော်တို့ ဝန်ကြီးဌာနအနေနဲ့ အငြင်းပွားမှုတွေအပေါ်မှာ ၈၀ရာနှုန်း၊ ၉၀ ရာနှုန်းလောက် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်တယ်"

ဦးညွန့်ဝင်း - ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားရေးရာ ဦးစီးဌာန (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)

"ဖြေရှင်းနိုင်တယ်ဆိုတဲ့ ရာခိုင်နှုန်းက လက်ရှိ အလုပ်သမား ဥပဒေတွေရဲ့ အားနည်းချက်ကြောင့် သေးသေးမွှားမွှား သာမန်ကိစ္စတွေပဲဖြစ်တယ်။"

ဒေါ်အိရွှေစင်ညွှန့် - ဒါရိုက်တာ၊ အလုပ်သမားအခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့/ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အလုပ်သမားရေးရာကော်မတီ(ဗဟို) အကြံပေး

---

"တချို့အငြင်းပွားမှုကိစ္စတွေမှာ ဥပဒေဘောင်ကျော်ပြီး အင်အားနဲ့ တောင်းဆိုတာတွေ ရှိတယ်. အဲဒါတွေက ပြဿနာရှိတယ်"

ဦးလှဘုန်းအောင် - လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ကျွမ်းကျင်သူ

---

"၃၆၀၀ ကျပ်ပေးဖို့ဆိုတာတောင် မြန်မာပြည်မှာ အလုပ်ရှင်တွေက လေးစားလိုက်နာမှု နည်းပါးနေတယ်။ ၃၆၀၀ ကျပ်ဆိုတဲ့ သဘောတရားက အနိမ့်ဆုံးအလုပ်သမားတွေကိုသာ ပေးတဲ့ လုပ်ခလစာ"

ဒေါ်အိရွှေစင်ညွှန့် - ဒါရိုက်တာ၊ အလုပ်သမားအခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့/ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်သမားရေးရာကော်မတီ(ဗဟို) အကြံပေး

---

"လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာတွေ၊ ဘာသာပြန်သူတွေရဲ့ အလုပ်ရှင်တွေကို ဥပဒေအကြောင်း ဘာသာပြန်မှုအပိုင်း နားလည်မှုအပိုင်းတွေမှာလည်း အားနည်းချက်တွေရှိတယ်။ ဥပဒေတွေထဲမှာ '၁' လို့ရေးထားရင် အလုပ်ရှင်က 'ပ' လို့ထင်ပြီး အလုပ်သမားဘက်က 'ဂ' လို့ မြင်နေကြတဲ့ ပြဿနာ"

ဦးလှဘုန်းအောင် - လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ကျွမ်းကျင်သူ

"၂၀၁၆ ကနေ ၂၀၁၇ လ အစပိုင်းထိ အငြင်းပွားမှုပြဿနာတွေမှာ ရာခိုင်နှုန်းအများဆုံးဖြစ်တဲ့ ပြဿနာက အလုပ်ထုတ်ခံရမှုပဲ ၇၇ ရာနှုန်းကျော်နီးပါး အလုပ်ထုတ်ခံရတာတွေက အမြင့်ဆုံး ပြဿနာ ဖြစ်နေတယ်"

ကိုနော်အောင် - စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့

"လုပ်သက်ခွင့်၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်ဆိုတဲ့ အလုပ်သမားအခွင့်အရေးတွေ မသိတဲ့ စက်ရုံတွေ အများကြီးပါ။ အလုပ်သမားကို အလုပ်ဖြုတ်ရင်တော့ ဥပဒေတွေက အသက်ဝင်နေပြီး အလုပ်သမားကို အကာအကွယ်ပေးဖို့တော့ ဥပဒေတွေက စာရွက်ပေါ်မှာပဲ ရှိနေတယ်"

ကိုနေလင်းဦး - အလုပ်သမားကိုယ်စားလှယ်